**Urgent release**

Intense fighting broke out again in Northern Shan State on 20th November in Mungkoe, Pawng Sai and 105 Mile trading checkpoints and fighting continues between Myanmar Armed Forces (Tatmadaw) and Ethnic Armed Groups[1] (Northern Alliance). Everyday, there are armed clashes in different parts of Northern Shan State and Southern Kachin State.

During the fighting that took place in Mungkoe area on 20th November, Myanmar Government Armed Forces (Tatmadaw) arrested about 70 civilians, who were taking part in a wedding ceremony at Hpau Jung Pa village; 12 relatives from China were also included among those arrested. These 12 relatives from China were released on the following day, 21st November, after the negotiations of the Chinese representative and another 2 person from Myanmar were released again on 25th November. The rest have been detained and none of them has been released yet up to now. **Such an arbitrary detention of the civilians is a clear sign of breaching the Geneva Convention.**

With this situation, we are deeply concerned for the safety and security of the civilians in the conflict area; and the undersigned organisations **urge the Myanmar government and Government Armed Forces (Tatmadaw) for the immediate release of the civilians who have been detained since the 20th November and ensure the protection of life and dinify of the civilians an utmost priority.**

**We firmly demand to all the warring parties to refrain of committing any crime against humanity, fully respect International Humanitarian Law (IHL), and human rights laws (HRL).** All parties to the conflict (the Myanmar government armed forces and the Ethnic Armed Forces) should respect the rights of civilians, and as per the Geneva Conventions, observe the principles of distinction between civilians and combatants and take precaution in the case of attacks to avoid civilian victims. As well as ensuring that civilians are not exposed to any "violence to life and person, cruel treatment

[1] include Arakan Army (AA), Kachin Independence Army (KIA), Myanmar National Democratic Alliance Army (MNDAA) and Ta'ang National Liberation Army (TNLA)

and torture, outrages upon personal dignity, in particular humiliating and degrading treatment."

**We urge for an immediate cessation of hostilities**: A peaceful solution to the conflicts in Myanmar is a critical priority for the future of the country and its people. This should be based in open political dialogues that address the long standing issues which are at the origin of this conflict.

29 November 2016

Mr. Gum Sha Aung – 095192913, (gum.sha.awng@metta-myanmar.org)
Mr. Maran Jaw Gun – 0973140728, (jawgun.shalom@gmail.com)
Mr. Ying Yaw - 09768482487

အရေးပေါ်ထုတ်ပြန်ကြေငြာချက်

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မုန်းကိုး၊ ဖောင်းဆိုင်နှင့် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တို့တွင် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ[2] (မြောက်ပိုင်းမဟာမိတ်အဖွဲ့) အကြား ပဋိပက္ခများပြန်လည်ဖြစ်ပွားခဲ့ပြီး တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပါသည်။ တစ်ချိန်တည်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်းအခြားဒေသများနှင့် ကချင်ပြည်နယ်တောင်ပိုင်းတို့တွင်လည်း နေ့စဉ် တိုက်ပွဲများ ဖြစ်ပွားနေပါသည်။

နိုဝင်ဘာလ ၂၀ ရက်နေ့ မုန်းကိုးဒေသ တိုက်ပွဲဖြစ်ပွားစဉ်ကာလအတွင်း မြန်မာ့တပ်မတော်က အရပ်သားပြည်သူ ၇၀ ဦးကို ဖမ်းဆီးခဲ့ပါသည်။ ထိုဖမ်းဆီးခံရသူတို့သည် ဖောင်ဂျွန်းပါကျေးရွာရှိ မင်္ဂလာဆောင်အခမ်းအနားတွင် ပါဝင်ဆင်နွှဲနေသူများ ဖြစ်ပြီး၊ ထိုသူတို့အထဲတွင် တရုတ်နိုင်ငံသား ကချင်လူမျိုး ဆွေမျိုး ၁၂ ဦးလည်း ပါဝင်ပါသည်။ တရုတ်ကိုယ်စားလှယ်များ၏ စေ့စပ်ညှိနှိုင်းမှုကြောင့် တရုတ်နိုင်ငံသား ၁၂ ဦးသည် နိုဝင်ဘာ ၂၁ ရက်နေ့တွင်ပင် ပြန်လည်လွတ်မြောက်လာခဲ့ပြီး၊ နိုဝင်ဘာ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံသား ၂ ဦးကို ပြန်လည်လွှတ်ပေးခဲ့ပါသည်။ ကျန်သူများကိုမူ မြန်မာ့တပ်မတော်က ဆက်လက်ဖမ်းဆီးထားပြီး၊ ယနေ့တိုင်ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးပါ။ **အရပ်သားပြည်သူများကို အကြောင်းမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းသည် စစ်မြေပြင်တွင် အရပ်သားများကို အကာအကွယ်ပေးရေးဆိုင်ရာ ဂျီနီဗာ သဘောတူညီချက်ကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။**

ဖော်ပြပါအခြေအနေများကြောင့် ပဋိပက္ခဖြစ်ပွားနေသည့်ဒေသအတွင်း နေထိုင်နေရသည့် အရပ်သားပြည်သူများ၏ ဘေးကင်းလုံခြုံရေးအတွက် အထူးစိုးရိမ်စရာ ဖြစ်နေပါသည်။ ထို့ကြောင့် အောက်ဖော်ပြပါလက်မှတ်ရေးထိုးသည့် အဖွဲ့အစည်းများက **"မြန်မာ့တပ်မတော်အနေဖြင့် နိုဝင်ဘာ ၂၀ ရက်နေ့က ဖမ်းဆီးထိန်းသိမ်းထားသော အရပ်သားများအားလုံးကို ချက်ချင်းလွှတ်ပေးရန်နှင့် ၎င်းတို့၏ အသက်နှင့်လူ့ဂုဏ်သိက္ခာကို အစွမ်းကုန် ထိန်းသိမ်းကာကွယ်ပေးရန်"** တောင်းဆို အပ်ပါသည်။

---

[2] Arakan Army (AA), Kachin Independence Army (KIA), Myanmar National Democratic Alliance Army (MNDAA) and Ta'ang National Liberation Army (TNLA)

တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်နေသည့် နှစ်ဖက်အဖွဲ့များအားလုံးက လူသားမျိုးနွယ်အား ဆန့်ကျင်သည့်ရာဇဝတ်မှုများကျူးလွန်ခြင်းမှ လုံးဝရှောင်ကြဉ်ရန်၊ နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားမှုဥပဒေများနှင့် လူ့အခွင့်အရေးဥပဒေများကို အပြည့်အဝ လေးစားလိုက်နာရန် ကျွန်ုပ်တို့က ခိုင်ခိုင်မာမာတောင်းဆိုပါသည်။ ပဋိပက္ခဖြစ်နေသည့် နှစ်ဖက်အဖွဲ့များအားလုံး (မြန်မာ့တပ်မတော် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ရပ်လုံး) အနေဖြင့် ဂျီနီဗာကွန်ဗန်းရှင်း အရ အရပ်သားပြည်သူများ၏ အခွင့်အရေးကို လေးစားအသိမှတ်ပြုခြင်း၊ အရပ်သားနှင့် လက်နက်ကိုင်များအကြား ခွဲခြားသတ်မှတ်ထားမှုစည်းမျဉ်းများကို လိုက်နာခြင်း၊ အရပ်သားများအား တိုက်ခိုက်မိခြင်း မပြုမိစေရန် သတိထားလုပ်ဆောင်ခြင်းများ ရှိရပါမည်။ ထို့ပြင် အရပ်သားများ၏ အသက်အိုးအိမ်ဖျက်ဆီးခြင်း၊ အရပ်သားများအပေါ် ရက်စက်စွာပြုမူ ညှင်းပန်းနှိပ်စက်ခြင်းနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းနိမ့်ကျအောင်ပြုမူခြင်းများ မပြုမိစေရန် စောင့်ထိန်းရပါမည်။

စစ်ပွဲနှင့် ပစ်ခတ်တိုက်မှုများ ချက်ချင်းရပ်တန့်ရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။ မြန်မာနိုင်ငံအတွင်း ပဋိပက္ခများအား ငြိမ်းချမ်းစွာဖြေရှင်းခြင်းသည် တိုင်းသူပြည်သားအားလုံးနှင့် တိုင်းပြည်၏ အနာဂါတ် အတွက် အရေးတကြီးအလေးထားလုပ်ဆောင်ရမည့်ကိစ္စ ဖြစ်ပါသည်။ ထိုသို့ငြိမ်းချမ်းစွာ လုပ်ဆောင် သွားနိုင်ရေးအတွက် ပဋိပက္ခများ၏ အရင်းအမြစ်ပြဿနာအကြောင်းအရင်းများကို ပွင့်လင်းသော နိုင်ငံရေးဆွေးနွေးမှုများဖြင့်သာ ဖြေရှင်းဆောင်ရွက်သင့်ပါသည်။

၂၀၁၆ နိုဝင်ဘာလ ၂၉ ရက်


ဆက်သွယ်ရန်။ ။

၁။ ဦးဂွမ်ရှာအောင်၊ Email: gum.sha.awng@metta-myanmar.org , Phone: 09 519 29 13

၂။ ဦးဂျော်ဂွန်း Email: jawgun.shalom@gmail.com Phone: 0973140728

၃။ ဦးယိန်းယော် Phone: 09768482487